# ရှမ်းပြည်နယ်
# ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊
# သွေးခြင်းဆိုင်ရာဥပဒေ

**(၂၀၁၇ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၅ ။)**

**၁၃၇၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်**

**(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)**

## နိဒါန်း

ရှမ်းပြည်နယ်အတွင်း မြန်မာ့ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စနစ်တကျရှိရေးအတွက် ရှမ်းပြည်နယ်လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်-

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ရှမ်းပြည်နယ်ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပြည်နယ်** ဆိုသည်မှာ ရှမ်းပြည်နယ်ကိုဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။





လိုအပ်သလို ဆောင်ရွက်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကိုဆိုသည်။

(စ) **ခွင့်ပြုမိန့်** ဆိုသည်မှာ ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာလုပ်ငန်း လုပ်ကိုင်ရန် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကိုဆိုသည်။

(ဆ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာလုပ်ငန်းကြီးကြပ်ရေးကော်မတီကိုဆိုသည်။

(ဇ) **အခွန်** ဆိုသည်မှာ ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းစသော ကျောက်မျက်ရတနာအချောထည်ပြုလုပ်ခြင်းလုပ်ငန်းအတွက် ဤဥပဒေအရ ကောက်ခံသည့် အခွန်ကိုဆိုသည်။

(ဈ) **အသင်း** ဆိုသည်မှာ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ထားသော အခြေခံသမဝါယမအသင်းနှင့် သမဝါယမအသင်းစုကိုဆိုသည်။

(ည) **ခွင့်ပြုမိန့်ရရှိသူ** ဆိုသည်မှာ ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရရှိသော ကုမ္ပဏီ၊ အသင်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကိုဆိုသည်။

(ဋ) **ကျောက်မျက်ရတနာအရိုင်း** ဆိုသည်မှာ သဘာဝအတိုင်းရှိသော တူးဖော်ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းတုံးများ၊ ခွဲစိတ်ဖြတ်တောက်ထားသော၊ ခွဲစိတ်ပြီးပွတ်ချောထားသော၊ ထုခွဲထားသော ကျောက်မျက်ရတနာအရိုင်းတုံးများနှင့် အပိုင်းအစများကိုဆိုသည်။

## အခန်း(၂)
## ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့်

၃။ ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာလုပ်ငန်းကို လုပ်ကိုင်လိုသည့် ကုမ္ပဏီ၊ အသင်း သို့မဟုတ် ပုဂ္ဂိုလ်သည် လုပ်ကိုင်ခွင့် ခွင့်ပြုမိန့်ကို အစိုးရအဖွဲ့ထံသို့ လျှောက်ထားရမည်။

၄။ အစိုးရအဖွဲ့သည်-

(က) လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် အညီစိစစ်ပြီး လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ကို ထုတ်ပေးနိုင်သည် သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်နိုင်သည်။

(ခ) လုပ်ငန်းလုပ်ကိုင်ခွင့် သက်တမ်းနှင့် ပေးဆောင်ရမည့်အခွန်ကို သတ်မှတ်ရမည်။





(ဂ) **ဝန်ကြီး** ဆိုသည်မှာ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဝန်ကြီးကိုဆိုသည်။

(ဃ) **ကျောက်မျက်ရတနာ** ဆိုသည်မှာ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ စိန်၊ ပန်းညို့၊ ပြောင်ခေါင်းစိမ်း၊ သုံးပန်လှမျိုးကျောက်၊ ဖရဲအူ၊ ရွှေတွင်းဝါ၊ မြမျိုးကျောက်၊ ဂေါ်မိတ်၊ ထပ်တစ်ရာ၊ သလင်းတူကျောက်၊ ဥဒေါင်၊ မျော၊ အညှံ့နီလာ၊ နဂါးသွဲ့၊ ကြံဆစ်ရေကျောက်၊ ပါလဒုတ္တာ၊ မြတူကျောက်၊ ပယင်း၊ ပုလဲပြာ၊ နက်ဖရိုက်၊ မှော်စစ်စစ်၊ ထုံးကုံး၊ ပလွမ်၊ ထပ်ကျောက်၊ ထပ်ကွာစိမ်း၊ မိုးညှင်းနီလာ၊ ရေဂေါ်မိတ်၊ သန္တာ၊ ပိန်းနိုက်၊ သူရောင်၊ ဆာပင်တင်း၊ ငုပဆစ်၊ ဆိုဒါလိုက် သို့မဟုတ် အမ်ဖီဗိုးအုပ်စုဝင်ကျောက်များကိုဆိုသည်။ ယင်းစကားရပ်တွင် ရတနာတန်းဝင် ရောင်စုံကျောက်များ၊ သလင်းအုပ်စု၌ပါဝင်သော ရတနာတန်းဝင် ကျောက်များကိုဆိုသည်။ ယင်းစကားရပ်တွင် အစိုးရအဖွဲ့က အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ကျောက်မျက်ရတနာဟူ၍ သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည်။

(င) **ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာလုပ်ငန်း** ဆိုသည်မှာ ရတနာခွန်ဆောင်ပြီးသော ကျောက်မျက်ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊ အရောင်တင်ခြင်း၊ သွေးခြင်း တို့ကို

## အခန်း(၃)
## ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ၊ အသင်း သို့မဟုတ် ပုဂ္ဂိုလ်တို့ လိုက်နာရမည့်အချက်များ

၅။ ခွင့်ပြုမိန့်ရရှိသောကုမ္ပဏီ၊ အသင်း သို့မဟုတ် ပုဂ္ဂိုလ်သည်-

(က) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

( ခ) သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်။

( ဂ) ရရှိထားသော ခွင့်ပြုမိန့်ကို တစ်ဆင့်ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်း မပြုရ။

(ဃ) သတ်မှတ်ထားသောအခွန်ကို ပေးဆောင်ရမည်။

( င) ခွင့်ပြုမိန့်သက်တမ်းမကုန်ဆုံးမီ သုံးလကြိုတင်၍ ခွင့်ပြုမိန့်အသစ် ထပ်မံထုတ်ပေးရန်လျှောက်ထားရမည်။

( စ) ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာလုပ်ငန်းကို လုပ်ကိုင်ခွင့်သက်တမ်းကျော်လွန်ပြီး ဆက်လက်လုပ်ကိုင်ခြင်းမပြုရ။





( င) ကျောက်မျက်ရတနာ အဖွဲ့ဝင်လုပ်ငန်းရှင်များအသင်းမှ တစ်ဦး

( စ) ပြည်နယ်သတ္တုတွင်းဦးစီးဌာန၊ အတွင်းရေးမှူး ညွှန်ကြားရေးမှူး

(ဆ) မြန်မာ့ကျောက်မျက်ရတနာ တွဲဖက်ရောင်းဝယ်ရေးလုပ်ငန်း၊ အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး

၇။ အစိုးရအဖွဲ့သည် ပုဒ်မ ၆အရ ဖွဲ့စည်းထားသောကော်မတီကို ဝန်ကြီး၏ တင်ပြချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရှမ်းပြည်နယ်အတွင်း ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စနစ်တကျရှိရေးအတွက် ဆောင်ရွက်သင့်သည်များကို အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း။

( ခ) ကျောက်မျက်ရတနာများကို ပြည်တွင်း၌ တရားမဝင် ထုတ်လုပ်ခြင်း၊ ပြည်ပသို့ တရားမဝင်တင်ပို့ခြင်း၊ ပြည်ပမှ တရားမဝင်တင်သွင်းခြင်း၊ တရားမဝင်ရောင်းချခြင်းများကို ကာကွယ်တားဆီးနိုင်ရေးအတွက် နည်းလမ်းများရှာကြံ၍ အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း။

(ဂ) အစိုးရအဖွဲ့က လွှဲအပ်သည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သလိုလေ့လာစိစစ်ပြီး အကြံပြုချက်များ၊ ထောက်ခံချက်များတင်ပြခြင်း။

(ဃ) ခွင့်ပြုမိန့်ထုတ်ပေးရန် အစိုးရအဖွဲ့ထံစိစစ်တင်ပြခြင်း။

(င) ရတနာခွန် ပေးဆောင်ခြင်းမရှိသော တရားမဝင်ကျောက်မျက်ရတနာအရိုင်းမှ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာထုတ်လုပ်ခြင်း မပြုနိုင်စေရန်အတွက် စိစစ်ခြင်း၊ ကာကွယ်တားဆီးခြင်း။

(စ) အစိုးရအဖွဲ့ကအခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း(၅)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၉။ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်း၏ ဒါရိုက်တာကဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကဖြစ်စေ ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်လျှင် သို့မဟုတ် သတ်မှတ်ထားသည့်စည်းကမ်းချက်များတစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် အစိုးရအဖွဲ့သည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်နေသောလုပ်ငန်းကို ဆိုင်းငံ့ခြင်း။





(ဆ) ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာလုပ်ငန်းတို့ကို ရတနာခွန်ပေးဆောင်ပြီးသော ကျောက်မျက်ရတနာအရိုင်းများဖြင့်သာ ပြုလုပ်ရမည်။

## အခန်း(၄)
## ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာလုပ်ငန်းကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၆။ အစိုးရအဖွဲ့သည် အောက်ပါပုဂ္ဂိုလ်များပါဝင်သော ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာလုပ်ငန်းကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းပေးရမည်-

(က) ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး — ဥက္ကဋ္ဌ

(ခ) စက်မှုကြီးကြပ်နှင့် စစ်ဆေးရေးဦးစီးဌာနမှ ပုဂ္ဂိုလ်တစ်ဦး — အဖွဲ့ဝင်

(ဂ) ကျောက်မျက်ရတနာဆိုင်ရာပညာရှင်တစ်ဦး — အဖွဲ့ဝင်

(ဃ) ကျောက်မျက်ရတနာဆိုင်ရာလုပ်ငန်းအတွေ့အကြုံရှိသူတစ်ဦး — အဖွဲ့ဝင်

( ခ) ဒဏ်ကြေးငွေပေးဆောင်စေပြီး လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း။

( ဂ) ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း။

၁၀။ စီမံခန့်ခွဲရေးနည်းလမ်းအရ ချမှတ်သည့် ဒဏ်ကြေးငွေ ပေးဆောင်ရန် ပျက်ကွက်လျှင် ဤဥပဒေအရ တရားစွဲဆိုအရေးယူခြင်းခံရမည်။

## အခန်း(၆)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၁။ ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ လုပ်ငန်းကို လုပ်ကိုင်ခွင့်သက်တမ်းကျော်လွန်ပြီး လုပ်ကိုင်ခြင်းမပြုရ။ လုပ်ကိုင်ခွင့်သက်တမ်းကျော်လွန်ပြီး ဆက်လက်လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ခြောက်လအထိဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၁၂။ မည်သူမဆို ဤဥပဒေပုဒ်မ ၉ ပါ ဖော်ပြချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင် ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုသူကို ထောင်ဒဏ် ခြောက်လအထိဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။





ပြစ်မှုအတွက် ချမှတ်ရမည့်ပြစ်ဒဏ်အပြင်-

(က) ပြစ်မှုနှင့်သက်ဆိုင်သော ကျောက်မျက်ရတနာနှင့် ငွေကြေးကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

( ခ) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားပစ္စည်းကိရိယာ တန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

## အခန်း(၇)
## အထွေထွေ

၁၃။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူ၍ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၁၈။ ဤဥပဒေအရ ကျူးလွန်သည့်ပြစ်မှုများအား ရဲအရေးပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ်သတ်မှတ်သည်။

၁၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်၊ ဥပဒေမူဘောင် အတွင်းက လိုအပ်သလိုထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဒေါက်တာလင်းထွဋ်
ဝန်ကြီးချုပ်
ရှမ်းပြည်နယ်အစိုးရအဖွဲ့



၁၃။ မည်သူမဆို ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာလုပ်ငန်းကို ခွင့်ပြုမိန့်မရှိဘဲ လုပ်ကိုင်ခြင်းမပြုရ၊ ခွင့်ပြုမိန့်မရှိဘဲ လုပ်ကိုင်လျှင် ထိုသူကို ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၁၄။ မည်သူမဆို မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ ရတနာခွန်ပေးဆောင်ပြီးဖြစ်သည့် ကျောက်မျက်ရတနာအရိုင်းမှတစ်ပါး တရားမဝင်ကျောက်မျက်ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အကွက်ဖော်ခြင်း၊ အရောင်တင်ခြင်း၊ တစ်နည်းနည်းဖြင့် မပြုလုပ်ရ။ ယင်းသို့လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၅။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း သို့မဟုတ် အားပေးကူညီခြင်း ပြုလျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကိုချမှတ်ခြင်းခံရမည်။

၁၆။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သောပြစ်မှု တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာ

## မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ | |
|---|---|---|---|---|
| | | | မှ | ထိ |
| ၁။ | နိဒါန်း | | ၁ | ၁ |
| ၂။ | အခန်း (၁) | အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ | ၄ |
| ၃။ | အခန်း (၂) | ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့် | ၄ | ၄ |
| ၄။ | အခန်း (၃) | ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ၊ အသင်းသို့မဟုတ် ပုဂ္ဂိုလ်တို့လိုက်နာရမည့် အချက်များ | ၅ | ၆ |
| ၅။ | အခန်း (၄) | ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ လုပ်ငန်းကြီးကြပ်ရေး ကော်မတီ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်း တာဝန်များ | ၆ | ၈ |
| ၆။ | အခန်း (၅) | စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း | ၈ | ၉ |
| ၇။ | အခန်း (၆) | ပြစ်မှုနှင့် ပြစ်ဒဏ်များ | ၉ | ၁၁ |
| ၈။ | အခန်း (၇) | အထွေထွေ | ၁၁ | ၁၂ |


D/real(wide) (7)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရှမ်းပြည်နယ်လွှတ်တော်

တောင်ကြီးမြို့

# ရှမ်းပြည်နယ်
# ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊
# သွေးခြင်းဆိုင်ရာဥပဒေ

(၂၀၁၇ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၅။)

ရှမ်းပြည်နယ်လွှတ်တော်ကထုတ်ဝေသည်။
၂၀၂၀ ပြည့်နှစ်